# မောင်စိန်ဝင်း ပုတီးကုန်း

# ကြွေ..ကြွေ..ကြွေ....



ဒုတိယအကြိမ်

(၁)

သေသပ်လှပစွာ စိုက်ပျိုးထားသော ပန်းပင်များ ၊ စနစ်တကျ ပြုပြင်ထားသော မြက်ခင်းများကို လမ်းဘေးဝဲယာ၌ မြင်နေရ၏။ သွယ်တန်းစီရီစွာ ရှိနေကြသည့် မလေးရှား ပိတောက်ပင်များ နှင့် အခြားသော အပင်ကြီးမျိုးများမှာ လည်း အလေ့အကျ ပေါက်သည့် နှယ် မဟုတ်မူဘဲ လူ၏ ပြုပြင်ဖန်တီးထားမှုဖြင့် တညီတညာတည်း ရှိနေကြပြန်သည် ။ လှမ်းမြင်နေရသည့် တံတား၏ အောက်မှာ ပင် စိမ်းလန်းဝေလွင်သည့် ပန်းပင်တို့ စိုက်ပျိုးထားတာ တွေ့ရပြန်၏။ တံတားအုတ်တိုင်တွေ နံရံတွေမှာ လည်း အုတ်ကပ်နွယ်များ ဖုံးလွှမ်းဝေကာ တန်ဆာဆင်ထားပြန်သည် ။

ကြည့်စမ်း ...၊ တောင်ကုန်းတောစပ်ကလေးတစ်ခုကို ဖြတ် အသွားမှာ အံ့သြစွာ သတိထားမိပြန်၏။ တောအစပ် ထိုတောင်ကုန်းကလေးမှ အသေအချာ ရှင်းလင်းထားပြီး အလှပန်းပင် မြက်ပင်တို့ ကို စိုက်ပျိုးထားပြန်သည် ။ သည် အရပ် သည် ဒေသမှာ သဘာဝအတိုင်း လှပနေစေသောအရာ မရှိတော့ပြီလား ...တွေးမိပြန်သည် ။

သက်ပြင်းကိုချပြီး အကြည့်ကို တူရူသို့ ပို့လိုက်မိစဉ် ငြိမ့်ညောင်းသော အမေရိကန်တေးသံခပ်သဲ့သဲ့ ကားထဲမှာ လွင့်ပျံနေတာ သတိမူမိသည် ။ တမျှော်တခေါ်ကြီး လှမ်းမြင်နေရသည့် လမ်းမပြောင်ချောကြီးကို ကြည့်လျက် မြို့ပြင်တစ်နေရာသို့ ထွက် လာပြီဟု သတိထားမိပြန်သ

ည် ။

ကားဆရာသည် တစ်လမ်းလုံး စကားတစ်ခွန်းမျှ မဆိုဘဲ ခပ်မှန်မှန် မောင်းကာ တေးသီချင်းသံသာမှာ အာရုံစူးနစ်ထားပြီလားမသိ။ လေဆိပ်ကိုဟု သူပြောပြီး ကားပေါ်တက်လိုက်လျှင်ပင် မီတာကို ချိုးပြီး ကားကို စမောင်းတော့သည် ။ စကားတစ်ခွန်းမျှပင် မဟ။

မစပ်မစု သီးသီးခြားခြား တစ်ကိုယ်တော် နေတတ်ခြင်းကိုပင် အနောက်တိုင်းဆန်သည် ထင်၍ သည် အရပ်မှာ သည် လိုနေကြသည်လား ...တွေးမိပြန်သည် ။

လမ်းဘေးမှာ မြင်လိုက်ရသော ပိတောက်ပင်ကြီးဆီသို့ အကြည့်ရောက်သွားရင်း မြန်မာပြည်ကို တမ်းတစိတ် ရင်ထဲမှာ ဖျတ်ခနဲပေါ်သည် ။ စင်ကာပူမှာ မြန်မာပိတောက်ပင်တွေ အတော်များ တာပဲဟု သူ သတိထားမိပြန်၏။

မျက်စိကို မှိတ်ထားရင်း ကားနောက်မှီ ကူရှင်ပေါ်သို့ ခေါင်းတင်ကာ သက်ပြင်းချမိပြန်သည် ။

ခပ်ပျံ့ပျံ့သင်းနေသော ရေမွှေးနံ့ကို ရှူရှိုက်ရင်း မျက်စိကို ဖွင့်အကြည့်မှာ စင်ကာပူလေဆိပ် အဆောက်အအုံကို လှမ်းမြင်တော့သည် ။

ကားရပ်တော့ ကျသင့်သည့် ကားခငွေကို ပေးချေရင်း ကျေးဇူးတင်ပါတယ် ....သူ ပြောသည် ။ ကားသမားက ခေါင်းတစ်ချက်ဆတ်ပြစဉ် လက်ဆွဲအိတ်ကို ဆွဲရင်း ကားပေါ်မှ သူဆင်းလိုက်၏။

ကားထွက်သွားသည် အထိ ဘယ်ကို ဆက်သွားရမှန်း မသိဘဲ ယောင်နနဖြင့် သူ ရပ်ကြည့်နေမိရပြန်သည် ။

အလာတုန်းက သည် လေဆိပ်ကို တစ်ခါရောက်ခဲ့ဖူးသော်လည်း သူ

မမှတ်မိ။ နောက်တော့ လူတွေ တွန်းလှည်းကလေးတွေ ယူပြီး ဝင်သွားရာဆီသို့ သူသွားသည် ။ သူ့အိတ်က မလေးလှသဖြင့် လှည်းမယူတော့ဘဲ လှည်းကလေးတွေ တွန်းသွားသည့် လူတွေနောက်မှ လိုက်သည် ။

လေဆိပ်အထွက် နားနေခန်းကို သူ ဖြတ်တော့ အလာက သည် အခန်းမှာ သူရောက်ခဲ့ဖူးတာ ပြန်သတိရမိသည် ။

အခန်းကျယ်ကြီးထဲကို သူဖြတ်လျှောက်လာခဲ့သည် ။

ကာထားသည့် မှန်ချပ်ကြီးများ ၊ မှန်တံခါးများကို ဖြတ်၍ လှမ်းမြင်နေရသော မြင်ကွင်းကို ကြည့်ရင်း လေဆိပ်အဝင် အစစ်ဆေးခံစဉ်က နေရာဟု မှတ်မိလာသည် ။ အမှုထမ်းများ ၊ ခရီးသည် များကို တွေ့နေရပြန်၏။ လက်မှ နာရီကိုကြည့်ရင်း ရှေ့ဆက် လျှောက်သည် ။

လေအေးစက်၏ အေးမြမှုကို သတိထားမိရင်း ဂျာကင်အင်္ကျီပါးကို ဇစ်ဆွဲတပ်လိုက်၏။ လှမ်းမျှော်ကြည့်လိုက်စဉ် ပန်းပင်တွေ အလှစိုက်ထားသည့် နံရံနားမှ လူတစ်ယောက် သူ့ဆီ လျှောက်လာတာတွေ့ရ၏။

"စင်ကာပူက ထွက်မယ့် လေယာဉ်အတွက် ဘယ်နေရာကို သွားရလည်း ဗျ"

ဟု သူမေးသည် ။

ထိုသူက လက်ညှိုးညွှန်ရင်း "အဲဒီကနေ တက်သွား" ဟု ပြောသည် ။

လှမ်းအကြည့်မှာ အလိုအလျောက် ဆင်းတက်လှေကားကိုမြင်သည် ။ သည် တော့မှ အပေါ်ကို တက်သွားရမှာ ပါလားဟု သိရင်း လှေကားဆီ လျှောက်၏။

အလိုအလျောက်တက်သည့် လှေကားပေါ်မှာ ရပ်ရင်း အပေါ်ထပ် ရောက်သွားသည် ။ တူရူကို လှမ်းကြည့်လိုက်တော့ ထွက်မည့် လေယာဉ်

အတွက် လှုပ်ရှားသွားလာနေသော လူစုကို သူလှမ်းမြင်၏။ ထိုလူစုနှင့် အတူ မှန်တံခါးကို ဖြတ်၍ ဝင်လိုက်သည် ။

ဘက်ဂေ့ဂျ် လုပ်စရာမရှိသဖြင့် ထိုနေရာသို့ သူ မသွားတော့ဘဲ လေဆိပ်ဝင်ကြေး ပေးဆောင်ကာ လေယာဉ်လက်မှတ်နှင့် ပတ်စ်ပို့တို့ ကို ပြ ရင်း အတင်းထဲသို့ ဝင်လိုက်၏။ လူဝင်မှုကြီးကြပ်ရေးအကောက်ခွန်ဌာန တို့ မှ စစ်ဆေးမှုများကို ခံယူပြီး လေဆိပ်အရောင်းဆိုင်ရှိရာ အခန်းကျ ယ်သို့ ရောက်လာသည် ။ လေဆိပ်အရောင်းဆိုင်တွင် အကောက်ခွန်မဲ့ အရက်များ ၊ စီးကရက်တောင့်များကို ခရီးသည် များ ဝယ်ယူနေကြသ ည် ။

စီးကရက်ဈေးများကို ကြည့်ရင်း မြို့တွင်းအရောင်းဆိုင်များ ထက်များ စွာသက်သာလှသည် ကို သတိထားမိပြန်၏။ ဆေးလိပ်သောက်ခြင်းကိုတော့ လျှော့နည်းစေချင်သည့် သဘောဖြင့် မြို့တွင်းမှာ စီးကရက်ဈေးကို မြှင့်ထားသလား သူ စဉ်းစားမိသေးသည် ။ ခဏတာလျှောက်ကြည့်အပြီးမှာ လုံခြုံမှုအတွက် စစ်ဆေးရှာဖွေရာသို့ သူ ဦးတည်လိုက်သည် ။ ထိုနေရာမှာ ရှာဖွေစစ်ဆေးပြီးတော့ အောက်ထပ်သို့ လှေကားမှ တစ်ဆင့် ပြန်ဆင်းလိုက်ရာ နားနေခန်းကျယ်သို့ ရောက်သွားသည် ။ မြန်မာမိတ်ဆွေတွေ တွေ့လိုတွေ့ငြား သူ့အကြည့်ကိုဝေ့ရှာ၏။ မြန်မာများကို မြင်သော်လည်း သူ့အသိတစ်ယောက်မျှပင် မတွေ့မိ။ နှစ်နှစ်နီးပါး ခွဲခွာခဲ့ရသော မြန်မာပြည်သို့ ပြန်လည်ခြေချရတော့မည် အသိနှင့် ရင်သည် အခုန်မြန်ချင်ပြန်၏။

လက်ဆွဲအိတ်ကိုချရင်း ခုံမှာ ဝင်ထိုင်လိုက်သည် ။ သူ့ရှေ့က ဖြတ်၍ မြန်မာစကားပြောသွားသည့် လူငယ်နှစ်ဦးကို ငေးကြည့်မိပြန်၏။ သူ့လိုပင် နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ပြန်ကြမည့် သူများ ဟု နားလည်လိုက်

သည် ။ သဘော်က ပြန်တာလား …၊ ကုန်းပေါ်မှာ အလုပ်လုပ်ပြီး ခွင့်နှင့် ပြန်ကြတာလား ….၊ အလုပ်အဆင်မပြေလို့ ပြန်ကြတာ မဖြစ်ပါစေနဲ့ ဟု ကျိတ်၍ ဆုတောင်းပေးနေမိသည် ။

လက်မှ နာရီကို ကြည့်လိုက်မိ၏။

လေယာဉ်ထွက်ရန် အချိန်လိုနေသေးကြောင်း သိလိုက်သည် ။ အချိန်စောပြီး သူရောက်လာတာပဲ ဟု တွေးရင်း မျက်စိကို မှိတ်ထားလိုက်တော့၏။

လေယာဉ်ပေါ် တက်ရမည့် အချိန်ရောက်လျှင် ရှေ့မှာ တာဝန်ရှိသည့် အမှုထမ်းအမျိုးသမီးတွေက ကြေညာကြမည်ဖြစ်၍ လေယာဉ်ပေါ် တက်ရန်အတွက် စိတ်မပူမိတော့။

ကျေးဇူးပြုပြီး ဆေးလိပ်မသောက်ပါနဲ့ ဟု တစ်စုံတစ်ယောက်ကို လှမ်းပြောလိုက်သည့် ဝန်ထမ်းအမျိုးသမီး၏ အသံကို မျက်စိမှိတ်ထားရင်း ကြားနေရပြန်သည် ။ နံရံတွေမှာ ဆေးလိပ်မသောက်ရန်ရေးထားတာကို သည် လူက သတိမထားမိလေသလား …ဟု တွေးဖြစ်သေးသည် ။

တွေးရင်းဖြင့် သူလည်း ဆေးလိပ်သောက်ချင်လာတာ ဘာသာသတိထားမိပြန်၏။ သူငယ်ချင်းအခန်းကထွက် တက္ကစီပေါ် ရောက်ကတည်းက ဆေးလိပ်မသောက်ရတာ အတော်လေး ကြာသွားပြီပဲ စဉ်းစားနေမိပြန်သည် ။ လေယာဉ်ပေါ်ရောက်မှ ဆေးလိပ်သောက်ရတော့မည်ပဲ တွေး၏။

"ဆေးလိပ်သောက်တာ မကောင်းပါဘူးကွယ်"

ဟု ပြောခဲ့ဖူးသံကို အမှတ်ရ ပြန်ကြားနေမိပြန်၏။

"မမကြွေ မကြိုက်ဘူး ပြောလို့ ဆေးလိပ်ဖြတ်လိုက်ပြီ"

အိမ်ကိုရော သူငယ်ချင်းတွေပါ သည် နှယ်ပြောခဲ့ဖူးတာပါလား။

သည် တုန်းက သူ့အသက် ဆယ့်ရှစ်နှစ်။ ဆယ်တန်းအောင်ပြီးစ၊ တက္ကသိုလ်တက်ဖို့ စောင့်ဆိုင်းနေဆဲ ကာလ ...။

ချိုမြမွှေးမြ ချစ်ခြင်း၏ ရသကို တိမ်းမူးတိမ်းညွတ်စွာ နှလုံးသားမှ မွတ်သိပ်နေသည့် အချိန် ...

အာရုံသည် မမကြွေထံသို့ ပျံ့လွင့်သွားပြန်တော့သည် ။

***

# ပန်းပွင့်ကြွေ

## (၁)

လောကကို အလှဆင်ရန် ပန်းတို့ ပွင့်ကြသည် ဆိုပါက ထိုနှစ်နွေ၌ ကျွန်တော်တို့ မြို့မှာ ပန်းပွင့်တို့ ပွင့်ကြလိမ့်မည် မထင် ...၊ အဘယ်ကြောင့် ဆိုသော် မမကြွေ ဆိုသည့် မိန်းမတစ်ယောက် ကျွန်တော်တို့ မြို့ကလေးသို့ ရောက် လာပြီး မြို့ကို အလှဆင်ထားသောကြောင့် ပင် ...။ မမကြွေ၏ အလှနှင့် ယှဉ်ရန် သိမ်ငယ်စိတ်ဖြင့် မပွင့်ရဲကြခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည် ။

ထိုနွေက လေပြည်လေရူးတို့ ပို၍ သွေးလေသလား မပြောတတ်၊ မမကြွေ၏ ပါးမှ နံ့သာနံ့သင်းသင်းကို လေပြည်လေရူးတို့ က ဝေ့ဖြတ်ရင်းခိုး၍ မွှေးကြူချင်သောကြောင့် ...ဟု ကျွန်တော် ထင်သည် ။

သစ်ပင်တို့ မှ ဝါရွက်တို့ သည် လည်း ပို၍ အကြွေစောလာကာ အကြွေမြန်ချင်ပြီလား ...မသိ။

မမကြွေ လမ်းလျှောက်သည့် အခါ လေဟုန့်ရာသို့ပါရင်း ထိုရွက်ခြောက်တို့ က မမကြွေ၏ ခြေထောက်နုနုကလေးတွေကို ထိနမ်းချင်သောကြောင့် ဖြစ်မည် ...ဟု ကျွန်တော် တွေးသည် ။

ခါတိုင်းနွေတို့ က ရေခန်းတတ်သည့် ရေတွင်းတို့ သည် လည်း ထို

နွေမှာ ရေမခန်း။ သောင်ကမ်းနှင့် အဝေကြီးမှာ သာ ရေရှိနေသောမြစ်သည် ပင် သည် နှစ်နွေ၌ ရေသိပ်မကျ။

မမကြွေ ရေချိုးသည့် အခါ မမကြွေ၏ အသား ဝါညက်ညက်နှင့် ထိတွေ့ပွတ်သပ်နိုင်သည့် အခွင့်အရေးကို ရေစက်ရေပေါက်တို့ ပင် မက်မောနေကြပြီ ထင်ပါ၏။

သည် အထိ လှပသည့် မမကြွေကို ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်းတွေထက် နောက်ကျပြီးမှ မြင်ခွင့်ရခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်ရပါသေးသည် ။

***

## (၂)

ဦးလေးရှိရာမြို့သို့ ကျွန်တော်သွားနေပြီး ပြန်ရောက်လာသည့် ညမှာပင် ခင်မောင်လေး အိမ်သို့ ရောက်လာသည် ။

"ဖိုးဇော်၊ မင်းသွားနေတာ တစ်ပတ်လောက်ကြာမယ် ထင်တယ်"

ဟု ခင်မောင်လေးက ပြောသည် ။

"ကိုးရက်ကြာတယ်ကွ၊ တက္ကသိုလ် တက်ဖို့ စရိတ်ကလေး ဘာလေး ရအောင် ဦးလေးအလုပ် ကူလုပ်ပေးနေရတာ"

ခင်မောင်လေး အနားရပ်ရင်း ကျွန်တော် ပြောလိုက်သည် ။

"အစက တစ်လလောက်သွားနေမယ်ဆို သွားတာလေ။ မင်း သူငယ်ချင်း မနေနိုင်ပါဘူး။ သူ့အဒေါ်ဒဏ်ကို မခံနိုင်ဘူးလေ"

ဟု အမေက ထမင်းဝိုင်းက လှမ်းပြောသည် ။

"ဦးလေးမိန်းမက ငါတို့ သွားရင် နွမ်းပါးတဲ့ သူဆိုတော့ ပေးနိုးနိုးကမ်းနိုးနိုးနဲ့ မကြည်ဖြူချင်ဘူးကွ"

ခင်မောင်လေးကို ပြောကာ အိမ်ပေါ်မှ ဆင်းသည် ။

"သားတို့ ဘယ်သွားမှာ လည်း "

ဟု အမေက လှမ်းမေး၏။

"အိမ်ရှေ့ခုံမှာ ထိုင်မလို့ ပါ အမေ။ ဘယ်မှ မသွားပါဘူး"

"မသွားနဲ့ လို့ ပြောမလို့ သားရဲ့ ၊ မင်းအစ်မနဲ့ အစ်ကိုက ရုပ်ရှင်သွားကြည့်ကြမှာ ။ အမေ တစ်ယောက်တည်း အိမ်မှာ ကျန်ရစ်ခဲ့မှာ "

သူ့အစ်ကိုနှင့် အစ်ကို၏ မိန်းမ မမမြိုင်တို့ ရုပ်ရှင်သွားကြည့်ကြမည်ဟု စောစောက ပြောနေသံကို ပြန်သတိရသည် ။

"ဟုတ်ကဲ့ အမေ။ အိမ်ရှေ့မှာ ကျွန်တော် ရှိနေမှာ ပါ"

အမေက "အေး ...အေး" ဟု ပြောနေသံကို ကြားလိုက်ရ၏။

ပုဏ္ဏရိက်ပင်တန်းဖြင့် ကာထားသော ခြံဝင်းထဲသို့ ဆင်းလာခဲ့ကြသည် ။ အိမ်ရှေ့က ဝင်ပေါက်ရှေ့မှာ သစ်သားခုံတန်းလေး ရိုက်ထားသည် ။ ခြံထောင့်မှာ ရှိသည့် ခရေပင်အိုသည် ခြံအဝင်ဝကို ထီးနှယ် အုပ်မိုးပေးထား၏။ ထို့အပြင် ခြံဝရှိ ထိုင်ခုံကလေးမှာ အလင်းရောင်နည်းလွန်းသည့် လမ်းမီးမှိန်မှိန်၏ အလင်းကို မရရှာ။

ထိုင်ခုံပေါ်မှာ ခင်မောင်လေးနှင့် ကျွန်တော် အတူယှဉ်၍ထိုင်လိုက်ကြသည် ။

"တက္ကသိုလ်တွေက ဘယ်တော့ ဖွင့်မယ် ကြားလည်း "

"မသိပါဘူးကွာ၊ လေးငါးလလောက် ကြာမယ် ပြောတာပဲ"

ပြောပြီး ခင်မောင်လေးက သူ့အိတ်ထဲပါလာသော စီးကရက်နှင့် မီးခြစ်ကို ထုတ်သည် ။

"အောင်မင်းလည်း ရန်ကုန်သွားတာ မနေ့ကပဲ ပြန်ရောက်လာတယ်ကွ"

ဟု ပြောရင်း စီးကရက်ကို မီးညှိပြီး ဖွာသည် ။

"စောစောနဲ့ မင်းကိစ္စရော အဆင်ပြေပြီလား"

ဟု ကျွန်တော် မေးလိုက်၏။

ခင်မောင်လေးက ကျွန်တော်တို့ နှင့် တစ်တန်းတည်း ဖြစ်သူ စောစောကို ကြိုက်နေသူ။ စောစောကို စာနှစ်စောင်ပေးပြီး စောစောထံမှ မေတ္တာကို တောင်းခံထားသူ ဖြစ်သည် ။

"စောစောက ငါ့ကို မချစ်ဘူးလို့ ပါးစပ်က အဖြေပေးတယ်ကွ။ အခု ငါစောစောထက် စိတ်ဝင်စားစရာ တစ်ယောက် တွေ့နေပြီကွ"

"ဟာ ...မင်းကလည်း အပြောင်းအလည်း မြန်လှချည်လား"

ခင်မောင်လေးက ရယ်ကျဲကျဲနှင့် လှည့်ကြည့်ရင်း .....

"အဲဒီတစ်ယောက်ကို မင်းမှ မမြင်ဖူးသေးတာပဲ။ ငါ့ကို လွန်တယ်လို့ မင်းထင်မှာ ပေါ့ ဟုတ်လား။ မောင်မောင်တို့ သန်းထွန်းအောင်တို့ ကလည်း အဲဒီတစ်ယောက်ကို အသေအလဲ ကြိုက်တာပဲကွ။ ငါတို့ မြို့ကို ရောက်ကတည်းက အရမ်းလှတာပဲလို့ အုတ်အော်သောင်းတင်းဖြစ်နေတာ"

ပြောရင်း စီးကရက်တိုကိုချ၍ ဖိနပ်ဦးဖြင့် ခင်မောင်လေးနင်းသည် ။

"နေပါဦး၊ ဘယ်သူလည်း ...၊ ငါက ဘာလို့ မသိရမှာ လည်း "

"မမကြွေ တဲ့ "

"မမကြွေ ...ဟုတ်လား"

"ဟုတ်တယ်။ သူ့နာမည်အပြည့်အစုံက လဲ့လဲ့ကြွေ ...တဲ့ "

"လဲ့လဲ့ကြွေ"

"မင်း မသိပါဘူးကွာ"

စဉ်းစားဟန် ပြုနေဆဲမှာ ခင်မောင်လေးက ပခုံးကို ပုတ်၍ ပြောသည် ။

"ငါ ကြားတောင် မကြားဖူးဘူး"

"မင်း ဘယ်ကြားဖူးမှာ လည်း ။ မင်းဦးလေးဆီ မင်းသွားနေတုန်းမှာ ငါတို့ မြို့ကို ရောက်လာတာ။ ပြည်တွင်းအခွန် ဦးစီးဌာနမှာ ပြောင်းလာတာကွ"

"ဟုတ်လား"

"စီးပွားရေး တက္ကသိုလ်က ဘွဲ့ရပြီးစလို့ ပြောတယ်။ အလုပ်ခန့်ခန့်ချင်း ဒီကို ရောက်တာ တဲ့ ။ အရမ်းချောတယ်ကွာ။ မင်း တွေ့ရင်လည်း မင်းကြိုက်သွားမှာ ပါ"

"အကြိုက်ချင်း တူချင်မှ တူကြမှာ ပဲကွာ"

ပြောရင်း ခင်မောင်လေး အင်္ကျီအိတ်ထဲမှ ဒူးယား စီးကရက်ဘူးကို လှမ်းနှိုက်ယူသည် ။

မျက်လုံးက အိမ်ဘက်ဆီသို့ ဝေ့ကြည့်မိပြန်၏။ အမေလှမ်းမြင်မှာကို စိုးရိမ်စိတ်က ရင်မှာ ဖြစ်သည် ။ ဆေးလိပ်စသောက်တတ်နေတာ အ

မေ သတိထားမိပုံရ၏။ ဆေးလိပ်မသောက်ရန်သူ့ကို အမေ ခဏခဏဆူသည် ။

အမေ့အရိပ်အခြည် မမြင်ရတော့မှ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာလိုက်၏။

"အားလုံးက သိပ်လှတာပဲလို့ ပြောကြတဲ့ မိန်းမတစ်ယောက်ဟာ တစ်ကယ်လှလို့ ပေါ့ကွာ။ ဒီမြို့က လူငယ်တွေ ဘယ်သူ့ကိုမေးမေး မမကြွေကို မကြိုက်ဘူး ဆိုတဲ့ လူ တစ်ယောက်မှ မရှိဘူး ဖိုးဇော်။ ရောက်တာ နှစ်ပတ်တောင် မပြည့်သေးဘဲနဲ့ နာမည်ကြီးနေတာပဲ မင်းတွက်ကြည့် ... "

"အခု ဘယ်မှာ နေလဲ ခင်မောင်လေး"

"အခုတော့ ...ရုံးက ဦးစီးမှူးအိမ်မှာ ခဏနေတယ်။ အိမ်ရှာနေတယ်ပြောတယ်။ မင်းသိတယ် မဟုတ်လား ...၊ ဦးထွန်းသောင်းကြီးလေ။ ဘီအိုစီ ဆိုင်မန်နေဂျာဟောင်းကြီး။ သူကဆို သူ့အိမ်မှာ လာနေပါလို့ ဦးစီးမှူးက တစ်ဆင့် ပြောတယ်ဆိုတာ မြို့ထဲမှာ သတင်း ပြန့်နေတာပဲ"

ကျွန်တော် တစ်ချက်ရယ်မိပြန်၏။ ဦးထွန်းသောင်းကြီးက မုဆိုးဖိုကြီး ....သားသမီးတွေ လက်လွတ်ကုန်ပြီဖြစ်၍ မိန်းမရှုပ်ပွေသူဟု မြို့ထဲမှာ အသိများ သူပင်။

"ဆရာဝန်ကြီးသား ဆေးတက္ကသိုလ်ကကောင်၊ မင်းတိတယ်မဟုတ်လား၊ ရန်ကုန်မှာ အနေများ တဲ့ ကောင်ကွာ"

"ဘာဖြစ်လဲ..."

"သူကလည်း ကြိုက်လို့ ထမင်းဖိတ်ကျွေးတယ် ကြားတယ်"

"တော်တော် ချောလို့ လားကွ"

စီးကရက်မီးခိုးကို မှုတ်ထုတ်ရင်း မေးလိုက်၏။

"ဘိုချော ချောတာကွ၊ ဘယ်လိုခေါ်မလဲ။ ဘိုဆန်တယ်ခေါ်မလားပဲ။ တို့ ဆီက မြန်မာဆန်ဆန် ရုပ်တွေနဲ့ တစ်ခြားစီဖြစ်နေတယ်၊ ဒါပေမဲ့ မြ န်မာရုပ်လည်း မပျောက်ဘူးကွ"

"တယ်ညွှန်းပါလား"

"မင်းတွေ့မှာ ပါ"

စီးကရက်မီးခိုးငွေ့တို့ ကို မှုတ်ထုတ်ရင်း ငေးကြည့်နေလိုက်သည် ။

ရုပ်ရှင်သွားကြဖို့ အစ်ကိုထွန်းနှင့် မမမြိုင်တို့ လင်မယားထွက်လာကြတာ တွေ့သည် ။

လက်ထဲမှ စီးကရက်တိုကို အုပ်ကိုင်ရင်း လက်ကိုပေါင်ဘေးမှာ ချ ၍ ကွယ်လိုက်၏။

"ငါလဲ သွားမယ် ဖိုးဇော်၊ မနက်စောစော လက်ဖက်ရည်ဆိုင်ထိုင်ရ အောင် ငါလာခေါ်မယ်"

အစ်ကိုထွန်းတို့ လင်မယား လမ်းမပေါ်အရောက်လောက်မှာ ခင် မောင်လေးက ပြောရင်း ထရပ်၏။

"အေးကွာ၊ ဒါဆို ငါလဲ စာဖတ်ပြီး အိပ်တော့မယ်"

ပြန်ပြောရင်း ကျွန်တော် ထရပ်လိုက်သည် ။ စီးကရက်တိုကိုမီးငြိမ်းကာ လက်ဖြင့် တောက်၍ အဝေးကို ပစ်၏။

"မမကြွေ ဘယ်လောက်လှတယ်ဆိုတာ မင်းစိတ်ကူးနဲ့ မှန်းကြည့်

ထားကွာ၊ မနက်ဖြန် မင်းတွေ့ရမှာ ပဲ"

ခင်မောင်လေးက ခပ်ပြုံးပြုံး ပြောတော့ ဘာမှ ပြန်မပြောမိတော့ဘဲ ပြုံးနေလိုက်မိတော့၏။

"မမကြွေ ...တဲ့ "

***

(၃)

မှန်ရှေ့မှာ ခေါင်းဖြီးနေဆဲ ခင်မောင်လေး၏ စက်ဘီးဘဲလ်တီးခေါ်သံကို ကြားလိုက်၏။

" လာပြီဟေ့"

ဟု လှမ်းအော်ရင်း ဘီးကို ချကာ မှန်ရှေ့မှ ခွာရင်း အိမ်ရှေ့ထွက်ခဲ့သည် ။

အဖေသည် ရုံးမသွားခင် ပြုနေကြအတိုင်း ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေတာ လှမ်းမြင်ရသည် ။ အဖေရုံးမသွားခင် စားသောက်သွားနိုင်ရန် အမေက မီးဖိုထဲမှာ အလုပ်များ နေတာ လှမ်းမြင်ရသည် ။

"ကျွန်တော် လက်ဖက်ရည်ဆိုင် ခဏသွားမယ် အမေ"

ဟု မီးဖိုခန်း တံခါးဝဆီ သွားရင်း ပြော၏။ အမေက သူ့ကို လှမ်းမကြည့်နိုင်ဘဲ ခေါင်းတစ်ချက် ညိတ်ပြတာ တွေ့ရင်း အိမ်ပေါ်မှ ဆင်းခဲ့၏။

ခြေတစ်ဖက်ထောက်ရပ်ရင်း စက်ဘီးပေါ်မှ မဆင်းဘဲ ခင်မောင်လေး စောင့်နေတာကို တွေ့သည် ။

"မင်း မလာသေးဘူး ထင်နေတာ"

ဟု ပြောရင်း အနားရောက်လာသော ကျွန်တော့်ကို ခင်မောင်လေး

က ပြိုးပြလျက် ...

"မမကြွေကို ကြည့်ဖို့ မင်း ဝီရိယကောင်းမှာ ကို သိလို့ စောစောလာခဲ့တာ"

ဟု ပြောသည် ။

ခြံဝင်းထဲက ထွက်တော့ စက်ဘီးနောက်က ခုန်တက်ရင်း လိုက်ပါလာခဲ့၏။

"ဘယ်ဆိုင်သွားမှာ လဲ"

ထိုင်နေကျလက်ဖက်ရည်ဆိုင်ဆီ ဦးတည်သွားနေတာ မဟုတ်မှန်းသိတော့ ခင်မောင်လေးကို မေးလိုက်သည် ။

"ရုံးလမ်းက ဆိုင်ကို သွားမယ်လေကွာ၊ ဒါမှ မမကြွေ ရုံးလာတာကို တွေ့ရမှာ ပေါ့"

လှည့်မကြည့်ဘဲ ခင်မောင်လေးက ပြောလိုက်သည် ။

***

ထိုလက်ဖက်ရည်ဆိုင်သည် ခါတိုင်းထက် လူငယ်များ ပို၍ စည်ကားနေသလားဟု စိတ်က ထင်လိုက်မိသေးသည် ။ ဆိုင်ရောက်စက အတွင်းဘက်စားပွဲမှာ ဝင်ထိုင်ရင်း လက်ဖက်ရည်နှစ်ခွက်နှင့် ဒူးယားတစ်ပွဲ မှာသည် ။ ခဏအကြာမှာ ရှေ့ဆုံးစားပွဲမှ လူနှစ်ဦး ထသွားတော့ ထိုစားပွဲကို ပြောင်းထိုင်လိုက်ကြသည် ။

"အခုမှ နေရာမှန်ကို ရတာကွ"

ဟု ခင်မောင်လေးက ပြောသည် ။ လက်ကိုမြှောက်ရင်း နာရီကို ကြ

န်တော် ကြည့်လိုက်၏။

"နာရီမကြည့်နဲ့ ဖိုးဇော်၊ ဒီလောက်တော့ ဒုက္ခခံရမှာ ပေါ့ကွ"

ခင်မောင်လေးက စီးကရက် မီးညှိရင်း လှမ်းပြောပြန်၏။

"ရုံးလာမှ ဆိုတော့ အဝေးကြီးလိုသေးတယ်ကွ"

"တစ်နာရီကျော်ကျော်တော့ လိုသေးတယ်"

"စိတ်မရှည်စရာကွာ"

ပြောရင်း ကျန်စီးကရက် တစ်လိပ်ကို မီးညှိရင်း ကျွန်တော်ဖွာသည် ။

"မမကြွေကို မြင်လိုက်ရရင် စောင့်ရကျိုးနပ်တယ်လို့ မင်းထင်သွားမှာ ပါ"

ခင်မောင်လေးက ရေနွေးကရားကို လှမ်းယူရင်း ပြောလိုက်၏။ ပြီးတော့ ရေနွေးကုန်နေသော ရေနွေးကရားကို ပြန်ချကာ အဖုံးကို မသိမသာခေါက်ရင်း အသံပြုသည် ။ စားပွဲထိုးလေးက ရေနွေးကရားကို လာယူ၏။

"မင်းတို့ နဲ့ ငါက အကြိုက်ချင်း တူချင်မှ တူမှာ ပေါ့ ခင်မောင်လေးရ၊ ဒါပေမဲ့ ဘာဖြစ်ဖြစ် မမြင်ရသေးဘဲနဲ့ လာစောင့်နေရတယ် ဆိုကတည်းက သူ့ကိုစပြီး စိတ်ဝင်စားသလို ဖြစ်နေမလား မသိဘူး"

ကျွန်တော့်စကားကြောင့် ခင်မောင်လေး ပြုံးသည် ။ နေရောင်က စားပွဲတစ်ဖက်စွန်းဆီ ထိုးကျ လာပြီဖြစ်၍ ခုံကို နည်းနည်းရွှေ့ပြီး ခင်မောင်လေး ထိုင်သည် ။

"တစ်မြို့လုံးက လူငယ်တွေက လှပါတယ်၊ ကြိုက်ပါတယ် ဆိုတဲ့

မိန်းကလေးတစ်ယောက်ကို မင်းစိတ်ဝင်စားတာ ဘာဆန်းလဲကွာ။ ကိုယ့်ဟာကိုယ် လိပ်ပြာမလုံ ဖြစ်မနေစမ်းပါနဲ့ "

ဟု ကျွန်တော့်ကို ကြည့်ရင်း ပြောလိုက်၏။

ခင်မောင်လေးကို မကြည့်ဘဲ ပြုံးမိပြန်သည် ။

"ဘာပြုံးတာလဲ ဖိုးဇော်"

"မဟုတ်ပါဘူး။ အဲဒီ မမကြွေက သိပ်လှလို့ ငါက သိပ်ကြိုက်သွားပြီဆိုပါတော့ ...ငါပဲ ဒုက္ခရောက်မှာ ပဲကွ။ ငါနဲ့ က ဘာမှ မဆိုင်တဲ့ အရာတစ်ခုလိုပဲ"

"ဘာဖြစ်လို့ လဲ"

"ဟ မင်းစဉ်းစားကြည့်လေကွာ။ သူက ရုပ်လည်း လှ၊ အလုပ်အကိုင်လည်း ရှိ၊ ပြီးတော့ ဘွဲ့ရပြီးသား၊ အသက်ကလည်း ငါတို့ ထက် ကြီးတာ ။ ငါတို့ နဲ့ တန်းတူတာမှ မဟုတ်ဘဲ"

"မဆိုင်ပါဘူးကွာ။ အသက်ကလည်း ပိုပြီးကြီးလှရင် လေးငါးနှစ်ပေါ့ကွ"

ပြောလိုက်သည့် ခင်မောင်လေးမျက်နှာကို ကြည့်ရင်း ခေါင်းကို ဖြည်းဖြည်း ခါမိပြန်၏။

***

" လာပြီကွ ...ဖိုးဇော်၊ ဟိုမှာ "

စီးကရက်ပြာ ခြွေရာမှ ခင်မောင်လေး စကားကြောင့် တူရူကို ရုတ်တရက် ကြည့်လိုက်သည် ။ မျက်နှာချင်းဆိုင်လမ်းမှာ ရှင်းနေပြီး

ဖြတ်သွားဖြတ်လာ အမျိုးသမီးငယ်ဟူ၍ မတွေ့။

"ဘယ်မှာ လဲကွ ..."

"နေဦးလေကွာ ....ရောက်လာမှ ပေါ့၊ မင်းဘက်က ဘယ်မြင်ရမှာလဲ၊ ငါ့နေရာက လှမ်းမြင်နေရတာ၊ ဒီဘတ်စောင်းကြည့်ချင်ကြည့်"

ခင်မောင်လေးက စားပွဲထိပ်နေရာမှ လမ်းကို ဘေးတိုက်ထိုင်နေသူမို့ လှမ်းမြင်နေရတာဟု ကျွန်တော် နားလည်လိုက်သည် ။ ခင်မောင်လေး ဘေးဘက်ကို စောင်း၍ လှမ်းကြည့်မည် ပြင်ပြီးမှ မကောင်းပါဘူးဟု တွေးကာ ကိုယ်ကို ပြန်မတ်သည် ။

စကားမပြောမိဘဲ လမ်း တူရူကိုသာ ငေးကြည့်နေဖြစ်ပြန်၏။

ခဏအကြာမှာ လက်၌ ပလတ်စတစ်ခြင်းကလေး ဆွဲရင်း လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးကို လှမ်းမြင်ရသည် ။

ခင်မောင်လေးက ကျွန်တော့် ပေါင်ကို သူ့ပေါင်နှင့် ထိကပ်ရင်း နှုတ်မှ လည်း "အဲဒါပဲ ဖိုးဇော်" ဟု ခပ်အုပ်အုပ် ပြောလိုက်ပြန်၏။

ပထမဆုံး ကျွန်တော် သတိထားမိသည် မှာ မိန်းကလေးတွေ ထဲတွင် ထူးကဲသည့် အရပ်အမောင်းပင်။ မြင့်သည် ဟု ထင်ရသော အရပ်အမောင်းကို အချိုးကျ လိုက်ဖက်အောင် အသားက ဖြည့်စွက်ထားနိုင်ပြန်သည် ထင်၏။

ဝင်းစို ဝါညက်နေသော အသားအရေသည် လည်း ထူးခြားစွာ သတိထားမိစေနိုင်သည့် ဆွဲဆောင်မှုတစ်ခုပင် ဖြစ်မည်။

ကုပ်ပေါ်ဝဲကျရုံ ဖြန့်ချထားသည့် ဆံပင်သည် မျက်နှာနှင့် လိုက်ဖက်သည် ထင်၏။ ရုတ်တရက် တွေ့ဖူးရုံဖြင့် နောက်တစ်ကြိမ် ပြန်ဆုံလျှင် မှတ်မိနေချင်စရာကောင်းသည့် မျက်နှာဟု တွေးမိပြန်သည် ။

သွယ်ပြေပြေ မျက်နှာကျမှာ နှာတံသည် ပေါ်လျက် မျက်လုံး ထူတာကို လည်း သတိပြုချင်စရာ။ မြန်မာဟု သိနေနိုင်လျက် ဥရောပဆန်သည့် မျက်နှာမျိုး။

"ဘယ်လိုလဲ ဖိုးဇော်၊ ငါပြောတာ မှန်လား"

မြင်ကွင်းမှ ကွယ်စဉ် ခင်မောင်လေးက စကားစသည် ။

တေးသီချင်းသံ ရပ်နေစဉ် ခဏ၌ ဆိုင်ထဲမှ စကားသံတွေ ပိုကျယ်လာသည် ထင်၏။ သဲကွဲစွာ မကြားရသော်ငြား လဲ့လဲ့ကြွေ၏ အလှကို ဝေဖန်ပြောကြားနေကြတာပင် ဖြစ်လေမလား။

"လှတော့ လှတယ်၊ အနောက်ဆန်တဲ့ မျက်နှာမျိုး"

စီးကရက် တစ်လိပ်ကို ယူရင်း ကျွန်တော် ပြောလိုက်သည် ။

"အေးကွ၊ ဒါကြောင့် ထူးခြားပေါ်လွင်နေတာလဲ ဖြစ်နိုင်တယ်။ တို့ နယ်မှာ က မြန်မာဆန်ဆန် လှတာတွေပဲ များ တာပဲ"

ကျွန်တော် မီးညှိနေစဉ်မှာ ခင်မောင်လေး ပြောသည် ။ မီးခိုးငွေ့ တို့ကို မှုတ်ထုတ်လိုက်ရင်း ....

"ပွင့်တော့မဲ့ နှင်းဆီဖူး မင်းမြင်ဖူးတယ် မဟုတ်လား"

ဟု ခင်မောင်လေးကို ကြည့်ရင်း မေးသည် ။

"အင်း ..."

ဟု ခင်မောင်လေးက ဖြေရင်း သူ့မျက်နှာကို ကြည့်၏။

"မိုးရွာပြီးခါစ အဲဒီ နှင်းဆီဖူးပေါ် မိုးရေအမှုန်လေးတွေ တင်ကျန်နေတာကို ကြည့်ရသလိုမျိုး"

ပြောရင်း ဆေးလိပ်ပြာကို ခြွေ၏။

"ဘာလဲ ဖိုးဇော်၊ နုမျစ် လတ်ဆတ်တဲ့ အလှလို့ မင်းပြောချင်နေတာလား"

"မသိဘူး၊ ငါလဲ အဲဒီလို မြင်တာပဲ ထင်တယ်"

စကားဆုံးတော့ စောစောကသာ တစ်ခါမြင်ဖူးလျက် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သော ထိုမျက်နှာသည် အမြင်အာရုံ၌ ရစ်ဝဲထင်လာပြန်၏။

***

(၄)

ညနေစောင်းသော်လည်း အပူသည် မလျော့ချင်သေး။

ကျနေသည် ပို၍ အရှိန်ပြင်းစွာ ကျရောက်နေဟန် တူသည် ။ အိမ်သွပ်မှ အပူသည် မျက်နှာကြက်မရှိသဖြင့် လူပေါ်ကို တိုက်ရိုက်ကူးစက်စေသည် မို့ အိမ်ပေါ်မှာ မနေနိုင်။

မရန်ပင်ရိပ် အုပ်ဆိုင်းဆိုင်းအောက်မှာ အဖေ ရိုက်ထားသော ခုံရှိသည် ။ နေပြောက် မထိုးနိုင်အောင် ဝေသိပ်ထူထဲသည့် သည် အရိပ်အောက်မှာ အပူလျော့နေသလို။ နေ့လယ် ထမင်းစားပြီးသည် နှင့် စာအုပ်တစ်အုပ်ဆွဲကာ သည် နေရာကို ကျွန်တော် ရောက်သည် ။

ခင်မောင်လေးက သည် နေရာမှာ ကျွန်တော် ရှိတတ်တာကို သိတော့ စက်ဘီးကို မရမ်းရိပ်ဆီ ဦးတည်ပြီး စီးလာ၏။

စက်ဘီးကို ဒေါက်ထောက်ရပ်ရင်း ကျွန်တော့်ဘေးမှာ ဝင်ထိုင်လိုက်သည် ။ အင်္ကျီအပေါ်ကြယ်သီးကိုဖြုတ်ပြီး အင်္ကျီဝကို လက်ဖြင့် လှုပ်လျ

က် လေဝင်အောင် ခါသည် ။

"ဘယ်ကလာတာလဲ ခင်မောင်လေး"

ဟု ကျွန်တော် မေးလိုက်၏။

"အိမ်ကပဲ"

ပြောကာ နဖူးမှ ချွေးကို သုတ်ပြန်သည် ။

"လုပ်ကွာ၊ သွားရအောင်"

"ဘယ်လဲ"

ခင်မောင်လေး မျက်နှာကို ကြည့်ရင်း မေးလိုက်၏။

"လက်ဖက်ရည်ဆိုင် သွားမယ်လေကွာ"

ဟု ခင်မောင်လေး ပြန်ဖြေသည် ။

"ဘာလဲ၊ ရှုံးလမ်းဆိုင်လား"

"အင်းလေ ...ရှုံးဆင်းတော့မယ်"

ဟက်ခနဲ တစ်ချက်ရယ်ရင်း ခင်မောင်လေး၏ ပခုံးကို ကျွန်တော်လက်ဖြင့် ပုတ်လိုက်မိသည် ။

"ပင်ပန်းလွန်းပါတယ် ခင်မောင်လေးရာ၊ နေဦး ...မင်းက မမကြွေကို တကယ်ကြိုက်နေလို့ လား"

ပြုံးရင်း မေးလိုက်မိပြန်၏။

"ဟာ ...အဲလိုကြိုက်တယ်လဲ မဟုတ်ပါဘူးကွ၊ ဘယ်လိုပြောမလဲ ... သူများ တွေ ထိုင်ကြည့်နေကြတဲ့ စိတ်ဝင်စားစရာတစ်ခုကို ကိုယ်လည်း ထိုင်ကြည့်ချင်တဲ့ သဘောပေါ့။ မင်းလဲ တွေ့သားပဲ၊ ရှုံးဆင်းချိန်ဆိုလဲ အဲ

ဒီဆိုင်မှာ လူငယ်တွေ ပြည့်နေတာပဲ။ တို့ လည်း သူတို့လိုပဲပေါ့ကွာ"

"ဒီမြို့မှာ ရှိတဲ့ လူငယ်တွေထဲက သူက ရွေးမယ်ဆိုရင်လဲ ငါတို့ ပါမှ မဟုတ်ဘူး ခင်မောင်လေး။ သူ့အဆင့်နဲ့ ငါတို့ အခြေအနေက ဘယ်လိုမှ နီးစပ်နိုင်မှုလည်း ရှိမှာ မဟုတ်ဘူး ။ အဲဒီတော့ ခပ်အေးအေးနေတာပဲ ကောင်းမယ်၊ ကိုယ့်ဒုက္ခကိုယ် မရှာချင်ပါနဲ့ ကွာ"

ခင်မောင်လေးက ဆေးလိပ်ကို မီးညှိနေရင်း ကျွန်တော့်စကားကို နားထောင်နေသည် ။

"ဆရာဝန်ကြီးသားနဲ့ တော်တော် ရင်းနှီးနေပြီ ပြောသံကြားတယ်ကွ "

ဟု မီးခိုးကို ဖွာထုတ်ရင်း ခင်မောင်လေး ပြော၏။

"ဖြစ်နိုင်တာပဲ၊ သူတို့ ချင်းက နီးစပ်စရာအခြေအနေတွေအများကြီး ရှိတာပဲ"

"ဒါဆို မင်း လုံးဝ စိတ်မဝင်စားဘူးပေါ့"

"စိတ်ဝင်စားစရာ ကောင်းပေမဲ့ ကိုယ်နဲ့ ဆိုင်တဲ့ အရာ မဟုတ်ဘူး လို့ ပဲ သတ်မှတ်လိုက်ပါမယ်ကွာ"

"ကဲဒါဆိုလဲ ငါတို့ ထိုင်နေကျ ဈေးနားက ဆိုင်ပဲ သွားရအောင် လုပ်"

ပခုံးကိုပုတ်ရင်း ခင်မောင်လေး ပြောသည် ။

"ငါ့ကြောင့် တော့ မသွားဘဲ မနေနဲ့ နော် ခင်မောင်လေး"

"ရပါတယ်ကွာ။ ငါကလဲ မင်း သိပ်ဆန္ဒရှိနေမလားလို့ ပါ"

"မင်းပြောသလို ကိုယ်နဲ့ ဆိုင်တာမှ မဟုတ်ဘဲလို့ တွေးကြည့်တော့ လဲ ဘာသွားငေးနေစရာရှိလဲ။ ဒီမြို့မှာ ထင်ဇော်နဲ့ ခင်မောင်လေးဆိုတာ

ရှိတယ်လို့ တောင် သူက သိမှာ မှ မဟုတ်တာ"

ခင်မောင်လေးစကားကြောင့် ပြုံးရင်း ခင်မောင်လေး ပခုံးကို ပုတ်လိုက်ကာ ထရပ်၏။

"ခဏနေဦးကွာ၊ အမေ့ကို ငါ သွားပြောလိုက်ဦးမယ်"

ဟု ပြောလျက် မရမ်းပင်ရိပ်မှ ထွက်လိုက်သည် ။

***

(၅)

ဈေးဘက်က လက်ဖက်ရည်ဆိုင်သို့ ရောက်လာခဲ့သည် ။ ခင်မောင်လေးဆိုင်ရှေ့မှာ စက်ဘီးကို သော့ခတ်နေစဉ် ကျွန်တော်က ဆိုင်ထဲသို့ လှမ်းဝင်ခဲ့၏။ ရုံးလမ်းဆိုင်မှာ ကဲ့သို့ သည် ဆိုင်က လူမများ လှ။ ဈေးထဲ က မှာ သောက်သူများကို အဓိကထား၍ ရောင်းသောဆိုင်ဖြစ်ပြီး လူငယ်တွေ သိပ်မထိုင်ကြသောဆိုင် ဖြစ်သည် ။ လူရှင်း၍ အေးအေးဆေးဆေး ရှိ၏။ ညနေပိုင်း ဈေးပိတ်ချိန်ဆို သည် ဆိုင်က ခပ်ခြောက်ခြောက် ။

ဆိုင်ထဲသို့ လှမ်းဝင်လိုက်စဉ် အကြည့်က စားပွဲတစ်ခုဆီသို့ ရောက်သွားသည် ။

နှုတ်မှ ဟာ ဟု အာမေဍိတ်သံ ထွက်မသွားအောင် မနည်းထိန်းချုပ်ထားလိုက်ရ၏။ ရုတ်တရက် အံ့သြသွားကာ ခင်မောင်လေးကို လှည့်ကြည့်မိလိုက်သည် ။

ခင်မောင်လေးက အနားရောက်တော့ စောစောက စားပွဲဆီသို့ မသိမသာ မေးဆတ်ပြရင်း ...

"မင်း မမကြွေ"

ဟု နှုတ်မှ တီးတိုး ပြောလိုက်ပြန်သည် ။

လှမ်းကြည့်ရင်း ခင်မောင်လေးမျက်နှာမှာ လည်း အံ့ဩရိပ်ငွေ့တို့ သန်းသွားတာ သတိထားမိလိုက်၏။

"ရေစက်က မကုန်ဘူးထင်တယ် ဖိုးဇော်။ ဒီဆိုင်ကို တမင်လာပေမဲ့ တွေ့ဖြစ်အောင် တွေ့နေသေးတယ်"

အနားကပ်ရင်း ခင်မောင်လေး တီးတိုးပြောသည် ။

"လာစမ်းပါကွ၊ အတွင်းဘက်မှာ ပဲ ထိုင်ရအောင်"

ဆိုင်အဝင်ဝ စားပွဲမှာ ထိုင်ရန် ခုံကို ကျွန်တော် ဆွဲတော့ ခင်မောင်လေးက လက်မောင်းကိုဆွဲရင်း ခေါ်၏။ ပြီးတော့ မမကြွေတို့ စားပွဲနှင့် ကပ်လျက်စားပွဲမှာ ခင်မောင်လေးက ခပ်တည်တည် ဝင်ထိုင်သည် ။ ခင်မောင်လေးကို တားဖို့ နောက်ကျသွားပြီမို့ ခင်မောင်လေးဘေးမှာ သူဝင်ထိုင်လိုက်၏။ သူတို့ ဝင်လာစဉ်က ဘေးတိုက်အနေအထားနှင့် သူတို့ ကို မြင်ဟန်မတူသော မမကြွေက ကပ်လျက်စားပွဲမှာ ဝင်ထိုင်လိုက်တော့ တစ်ချက်ဝေ့ကြည့်ကာ သတိထားမိလိုက်ပြန်သည် ။ မမကြွေ ထိုင်နေရာနှင့် က မျက်စောင်းထိုးလောက်မှာ ကျွန်တော်တို့ စားပွဲက ရှိနေပြန်၏။

"ဘာသောက်မှာ လဲ"

ဟု လာမေးသော စားပွဲထိုးလေးကို "လက်ဖက်ရည်နှစ်ခွက်" ဟု ခင်မောင်လေး မှာ သည် ။

ကျွန်တော်က ဒူးယားနှစ်လိပ် ထယူပြီး တစ်လိပ်ကို ခင်မောင်လေးကို လှမ်းပေးလိုက်၏။

"တီနာ ရုံးနောက်ကျနေဦးမယ်နော်"

မမကြွေနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော အမျိုးသမီးက လှမ်းပြောလိုက်ခြင်း ဖြစ်သည် ။

အံ့ဩစွာဖြင့် ခင်မောင်လေးကို လှမ်းကြည့်တော့ ခင်မောင်လေးက ခေါင်းညိတ်ပြပြန်၏။

ဆေးလိပ် ဆက်ဖွာရင်း မမကြွေတို့ ဝိုင်းဆီသို့ အာရုံစူးစိုက်ထားမိပြန်သည် ။

"တီနာက ကိစ္စမရှိပါဘူး အေမီရယ်။ အရာရှိကို ပြောပြီး ထွက်လာတာ။ အေမီ ကားက ပြင်လို့ ပြီးသွားလို့ ပြန်ထွက်သွားမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

မမကြွေက ပြန်ပြောလိုက်သံ။

မမကြွေ နာမည်က တီနာတဲ့ လား။ မမကြွေမှာ ဘိုဆန်တဲ့ နာမည် ရှိနေပါလား။ သူတို့ မိသားစုကဆို ဘိုဆန်တဲ့ မိသားစုလား။

"အေမီက သေသေချာချာ မေးခဲ့တယ်။ အနည်းဆုံး တစ်နာရီလောက် ကြာမယ်ပြောတယ်။ ကံကောင်းတယ်နော်။ ကားဂိတ်ရောက်မှ ကားကလည်း ပျက်လို့ "

အေမီဆိုသည့် မမကြွေသူငယ်ချင်း ပြန်ပြောသံ။

မမကြွေတို့ ရုံးနှင့် မျက်စောင်းထိုးမှာ အဝေးပြေးကားဂိတ်ရှိသည် ။ သည် ကားဂိတ်မှာ မမကြွေ၏ သူငယ်ချင်း အေမီက ကားပျက်ရာမှ

မမကြွေနှင့် တွေ့ကြသည် ။

"ဒီမြို့ကို ကား စဝင်ကတည်းက တီနာရှိတယ်၊ တွေ့ချင်လိုက်တာလို့ တွေးနေမိသေးတာ။ ကားဂိတ်ရောက်လို့ ကားကပြန်ထွက်မရဖြစ်ပြီး ပျက်ပြီဆိုတော့ တီနာနဲ့ တွေ့ရင် ဘယ်လောက်ကောင်းမလဲ စဉ်းစားမိတယ် သိလား…။ ကားပျက်တာက ကြာမယ်ဆိုတော့ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း တီနာတို့ ရုံးဆိုင်းဘုတ်ကို လှမ်းမြင်လိုက်တာ။ တော်သေးတာပေ့ါ။ ဒါနဲ့ အေမီ စွတ်ပြီး ဝင်လာခဲ့တာ"

ငါတွေးတဲ့ အတိုင်းပါလား ဟု ကျေနပ်စွာဖြင့် နှုတ်ခမ်းတွန့်ရုံပြုံးဖြစ်သွားသေး၏။

"နေရထိုင်ရတာ အဆင်ပြေတယ် မဟုတ်လား တီနာ"

"မဆိုးပါဘူး။ နယ်ကလူတွေက ကူညီချင်စိတ် ရှိကြတယ်ကွ။ နွေဘက်ဆိုတော့ ရေနည်းနည်းရှားတာ တစ်ခု ဒုက္ခရောက်တယ်ကွာ"

"ဘာလဲ၊ ရေစက်နဲ့ မဟုတ်ဘူး လား"

" မဟုတ်ဘူး ကွ၊ တွင်းရေသုံးကြတာ များ တယ်။ ရေတွင်းက နွေမှာ ရေခန်းတော့ ရေရှားတယ်ပေ့ါ။ ရောက်စက ရေငင်ရတာလဲ မငင်တတ်လို့ ဒုက္ခရောက်လို့ ။ အခုတော့ ဝယ်သုံးတဲ့ အခါ သုံး၊ ထမ်းရောင်းတဲ့ ကလေးတွေ မရှိတော့လဲ ကိုယ့်ဟာကိုယ် ငင်သုံးတဲ့ အခါ သုံးပေ့ါကွာ"

မမကြွေက ခပ်ပြုံးပြုံး ပြောနေတာကို လှမ်းငေးကြည့်နေမိသေးသည် ။ ခင်မောင်လေးက လက်ဖက်ရည်ခွက်ကို သောက်ပြီး ပြန်ချရင်း …

"သောက်လေကွာ၊ အေးကုန်ပြီ"

ဟု ကျွန်တော့်ကို လှမ်းပြောပြန်၏။ ခင်မောင်လေး ပြောလိုက်သည့်

အခိပ္ပာယ်ကို နားလည်စွာ ပြုံးပြမိပြန်သည် ။

"သွားရအောင် အေမီ၊ ဒီဆိုင်က ရုံးနဲ့ နည်းနည်းလှမ်းတယ်ကွ။ ရုံးနားခပ်နီးနီးမှာ တော့ ဆိုင်တစ်ဆိုင် ရှိတယ်။ ကလေးတွေ သိပ်များ လို့ မထိုင်ချင်လို့ ယူ့ကို ဒီခေါ်လာခဲ့တာ"

လက်ကိုင်ပဝါနှင့် ရောကိုင်ထားသော ပိုက်ဆံအိတ်ကို ကျန်လက်တစ်ဖက်ဖြင့် ဆွဲယူရင်း သူ့သူငယ်ချင်းကို မမကြွေ ပြောသည် ။ ပြီးတော့ လည်ကိုဆန့်၍ စားပွဲထိုးလေးကို ကြည့်သည် ။ လမ်းမဘက်ကို ငေးနေသော စားပွဲထိုးလေးက မမြင်။

"ဘယ်လောက်ကျလဲ"

ဟု မမကြွေက စားပွဲထိုးလေး ကြားအောင် လှမ်းမေး၏။ ကောင်တာရှေ့မှာ ရပ်၍ လူတစ်ဦးနှင့် စကားပြောနေသည့် ဆိုင်ရှင်ကလည်း ကြားဟန်မတူ။ စားပွဲထိုးကလေးကလည်း ငေးနေဆဲ။

"ညီလေးရေ ...ပိုက်ဆံ ရှင်းမယ်တဲ့ "

ခင်မောင်လေးက နှုတ်သွက်အာသွက် လှမ်းအော်လိုက်၏။

ခင်မောင်လေးအသံကြောင့် မမကြွေက သူတို့ စားပွဲဆီ အကြည့်ရောက်လာသည် ။

မမကြွေနှင့် အကြည့်ဆုံတော့ မျက်လွှာကို အလျင်ချပစ်လိုက်မိတာ ဘာကြောင့် ရယ်မသိ။ ပြီးတော့ စီးကရက်ကိုဖွာရင်း ဆိုင်ရှေ့တူရှုကို ငေးလျက် စိတ်ထဲကတော့ မမကြွေကို ကြည့်ချင်နေပြန်သေးသည် ။

ခင်မောင်လေး အသံကြောင့် စားပွဲထိုးလေးက ကြားပြီး မမကြွေတို့ဆီ ရောက်လာသည် ။ မမကြွေထံမှ ပိုက်ဆံကိုယူလျက် ကောင်တာဆီ ထွက်သွားသည် ။ ပြီးတော့ ပြန်လာကာ မမကြွေကို ပိုက်ဆံပြန်အမ်း၏။

"လာ သွားရအောင် အေမီ"

ပြောရင်း မမကြွေတို့ ထရပ်လျက် ဆိုင်ထဲမှ ထွက်သွားကြသည် ။

ဆိုင်ရှေ့မှ ပျောက်သွားသည် အထိ အကြည့်က မမကြွေဆီမှာ ရှိနေဆဲ။

"တော်လောက်ပြီ ဖိုးဇော်"

ပေါင်ကို ပုတ်ရင်း ခင်မောင်လေးက ရယ်ကျဲကျဲဆိုသည် ။

"ပိုပြီး နီးနီးကြည့်ရတော့ ပိုပြီးချောတယ် ထင်တယ်နော်"

"ဘာလဲ မင်းက အသားချင်း ထိနေအောင် နီးနီးကပ်ကပ် ကြည့်ချင်နေပြီလား"

"သူ့မျက်နှာမှာ ဘာမှ မလိမ်းမခြယ်ဘူးကွ၊ နှုတ်ခမ်းနီ ရဲရဲကိုဆိုးထားတာ။ မျက်တောင် မျက်လုံး အားလုံးဟာ ပင်ကိုအတိုင်းပဲ"

"တယ်လဲ တိကျပါလား ဖိုးဇော်"

"လည်တိုင်မှာ မှ ည့်နီလေးတစ်လုံး ရှိသေးတယ်ကွ"

"ဟာ အဲဒါ ငါမမြင်မိဘူး"

"တီနာဆိုတာ ဘိုနာမည်ကွ။ အိမ်နာမည်လဲ ဖြစ်ချင် ဖြစ်မယ်။ ပြီးတော့ မင်းသတိထားမိလား။ ယူတွေ ဘာတွေ သုံးတော့ မိသားစုက ဘိုဆန်ပုံရတယ်"

"မင်း တော်တော် လေ့လာလိုက်တာပဲ ဖိုးဇော်၊ မင်း စိတ်မဝင်စားဘူးဆို ..."

သောက်ပြီး လက်ဖက်ရည်ခွက်ကို ရှေ့သို့ တိုးလိုက်၏။

"ငါ အစကထက်တော့ ပိုပြီး စိတ်ဝင်စားလာတာ အမှန်ပဲ ခင်မောင်လေး"

"ငါပြောတယ် မဟုတ်လား"

"ဒါပေမဲ့ကွာ တို့ နဲ့ ဘယ်လိုမှ နီးစပ်တဲ့ အရာမှ မဟုတ်တာဘဲ"

ဟု ပြောရင်း စီးကရက်တိုကို ထိုးခြေလိုက်မိပြန်၏။

***